# ကသာခရိုင်တရားရုံး

၂၀၁၄ ခုနှစ်၊တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| ဦးစောမြင့်(ခ)ဦးအားစုံး | နှင့် | ၁။ ဒေါ်လှလှဝင်း<br>၂။ ကိုအောင်ကျော်ကျော်<br>၃။ ကိုထွန်းဇော်<br>၄။ ကိုသိန်းဦး<br>၅။ ကိုအားပေါက် |

| | | |
|---|---|---|
| တရားလိုအတွက် | ။ | ဦးဝင်းရွှေ ( တရားလွှတ်တော်ရှေ့နေ ) |
| တရားပြိုင်များအတွက် | ။ | ဦးထိန်ဝင်း (အထက်တန်းရှေ့နေ) |

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်

အမှုမှာ ဗန်းမောက်မြို့နယ်၊မင်းကုန်းကျေးရွာအုပ်စု၊နောင်ပွတ်ရွှေမှော်တွင် ရွှေမြင်း၊စက်အပိုပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ကိုင်သူ ဦးစောမြင့်(ခ)ဦးအားစုံးက ဗန်းမောက်မြို့နယ်၊မတ္တရာကချင်ကုန်းရွှေမှော်တွင် မင်းဝင်းစိုး ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းအမည်ဖြင့် ရွှေတူးဖော်နေသူ ဒေါ်လှလှဝင်းနှင့်သားဖြစ်သူ ကိုအောင်ကျော်ကျော် နှင့်ကျင်းခေါင်းဖြစ်သော ကိုထွန်းဇော်၊ကိုသိန်းဦးနှင့်ကိုအားပေါက်တို့အပေါ် စက်သုံးဆီနှင့်ကုန်ပစ္စည်းကြွေးကျန်ငွေ (၂၂၄၄၀၅၀၀/-)ပြန်ရလိုမှုဖြင့် စွဲဆိုခဲ့သော အမှုဖြစ်ပါသည်။

တရားလို၏အဆိုလွှာတွင် တရားလိုသည် နောင်ပွတ်ရွှေမှော်တွင် ရွှေမြင်း၊ဆီ၊စက်အပိုပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းနှင့်မြေတူးစက်ငှားရမ်းသောလုပ်ငန်းတို့ကို လုပ်ကိုင်ကြောင်း အမှတ်(၁)(၂)တရားပြိုင်တို့သည် အတူနေသားအမိဖြစ်ပြီး၊မတ္တရာကချင်ကုန်းရွှေမှော်တွင် မင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေးအမည်ဖြင့် ရွှေတူးဖော်သည့်လုပ်ငန်းလုပ်ကိုင်၍ အမှတ်(၃)(၄)(၅)တရားပြိုင်တို့မှာ ကျင်းကိုယ်စားလှယ်များဖြစ်ကြောင်း၊အမှတ်(၁) တရားပြိုင်သည် ၎င်းလုပ်ငန်းအတွက်လိုအပ်သော ဆက်စပ်ပစ္စည်းများကို(၁၅-၃-၂၀၁၂)နေ့တွင် အကြွေးစနစ်ဖြင့် တရားလိုထံတွင် ဝယ်ယူခဲ့ကြောင်း၊အကြွေးစနစ်ဖြစ်၍ အကြွေးစာရင်းစာအုပ်(၂)အုပ်ထား၍ အကြွေးဝယ်ယူသော ပစ္စည်းများကို အသေးစိတ်ယင်းစာအုပ်(၂)အုပ်ရေးသွင်း၍ (၁)အုပ်ကို(၁)တရားပြိုင်သို့ပေးပြီး၊ကျန်(၁)အုပ်ကို တရားလိုကယူထားကြောင်း၊လိုအပ်သော ပစ္စည်းများကိုအမှတ်(၃)(၄)(၅)တရားပြိုင်တို့က အကြွေးစာရင်းစာအုပ်နှင့်အတူ တရားလိုထံလာယူကြောင်း၊ယူလာသည့် ပစ္စည်းစာရင်းကို စာအုပ်(၂)အုပ်တွင်နေ့စွဲအလိုက်အသေးစိတ်ရေးသွင်းကြောင်း၊(၁)တရားပြိုင်က ၎င်း၏ရွှေတွင်းမှ ရရှိသောရွှေဖြင့် ကုန်ကြွေးငွေကိုပေါက်စျေးဖြင့်ပြန်လည်ပေးသွင်းကြောင်း၊

ပေးသွင်းသည့်စာရင်းကိုလည်း စာအုပ်(၂)အုပ်တွင်ရေးသွင်းရကြောင်း၊(၁၅-၃-၂၀၁၂)ရက်နေ့မှ (၁-၁၁-၂၀၁၃) ရက်နေ့ ထိကာလအတွင်း စက်ပစ္စည်းအကြွေးဝယ်ယူပြီး၊ ရွှေဖြင့်ပြန်လည်ပေးသွင်းခုနှိမ်၍ကြွေးကျန်ငွေမှာ (၂၂၄၄၀၅၀ဝိ/-)ကျပ်ဖြစ်ကြောင်း၊(၁)တရားပြိုင်က(၃၁-၈-၂၀၁၄)ရက်နေ့တွင် ငွေအားလုံးကိုပေးဆပ်မည် ဖြစ်ကြောင်း ပြောဆိုသော်လည်း ယနေ့ထိ ပေးဆပ်ခြင်းမရှိသဖြင့် ရှေ့နေမှတစ်ဆင့် ကြွေးကျန်ငွေအားလုံးကို (၃၀-၉-၂၀၁၄)ရက်နေ့ နောက်ဆုံးပေးဆပ်ရန်(၁၅-၉-၂၀၁၄)ရက်စွဲဖြင့် (၁)တရားပြိုင်ထံအကြောင်းကြားစာ ပေးခဲ့ကြောင်း၊ (၁)တရားပြိုင်က တရားလိုထံမှ လုပ်ငန်းသုံးပစ္စည်းများကို ကုန်ကြွေးစနစ်ဖြင့်မဝယ်ခဲ့၍ ပေးရန်မရှိကြောင်း ၎င်း၏ရှေ့နေမှတစ်ဆင့် အကြောင်းပြန်ကြားခဲ့သောကြောင့် တရားစွဲဆိုရကြောင်းဖော်ပြပါသည်။

တရားပြိုင်များ၏အချေလွှာတွင် အမှတ်(၁)(၂)တရားပြိုင်တို့သည် (၉-၃-၂၀၁၄)ရက်နေ့မှ မတ္တရာ ကချင်ကုန်းရွှေမှော်သို့ ရောက်ရှိပြီး တရားလိုနှင့်သိရှိခြင်းဖြစ်ကြောင်း၊ ယခင်ကလာရောက်လုပ်ကိုင်ခြင်းမရှိကြောင်း၊ ယခင်ကလုပ်ကိုင်နေသူမှာ ဦးမင်းစိုးဆိုသူဖြစ်ကြောင်း၊ မတ္တရာကချင်ကုန်းရွှေမှော်ရှိ အကွက်အမှတ်- SBM (၁၇၇) လုပ်ကွက်အား ယနေ့အထိ လုပ်ကိုင်ဆောင်ရွက်ရခြင်း မရှိသေးကြောင်း၊(၃)(၄)(၅) တရားပြိုင်များသည် ၂၀၁၄ ခုနှစ် မတိုင်မီက ဦးမင်းစိုးဆိုသူ၏ ကျင်းခေါင်းနှင့်အလုပ်သမားများဖြစ်ကြောင်း၊(၁၅-၃-၂၀၁၂)ရက်နေ့က (၁)တရားပြိုင်သည် တရားလိုထံမှ ပစ္စည်းများကိုအကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ခြင်းမရှိကြောင်း၊ အကြွေးစာရင်းမှတ်ရန် အတွက် စာအုပ်(၂)အုပ်ထားရှိသည်ကိုလည်းမသိကြောင်း၊ (၁)တရားပြိုင်တွင်လည်း ပစ္စည်းစာရင်းရေးသွင်းထား သည့်စာအုပ်လည်းမရှိကြောင်း၊(၃)(၄)(၅)တရားပြိုင်များကိုလည်း အမှတ်(၁)(၂)တရားပြိုင်များအနေဖြင့် တရားလို ထံတွင် အကြွေးဝယ်ယူခဲ့ခြင်းမရှိကြောင်း၊ ၂၀၁၄ ခုနှစ်မတိုင်မီက (၃)(၄)(၅)တရားပြိုင်တို့သည် ဦးမင်းစိုး ဆိုသူနှင့် အတူ ရံဖန်ရံခါတရားလို၏ ဆိုင်သို့ရောက်ဘူးပြီး ဦးမင်းစိုးသယ်ခိုင်းသည့်ပစ္စည်းများ သယ်ဆောင်ပေး ရသည့်အကြိမ် တို့ ရှိသော်လည်းအကြွေးယူခြင်း၊ လက်ငင်းပေးချေခြင်း စသည်တို့ကိုမသိကြောင်း၊ (၁)တရားပြိုင်အနေဖြင့် ၎င်းတို့အား စာအုပ်ပေးပြီးအကြွေးယူခိုင်းခြင်းလည်းမရှိကြောင်း၊(၁)တရားပြိုင်အနေဖြင့် ကုန်ကြွေးခုနှိမ်ရန်တရားလိုသို့ ရွှေရောင်းပေး သွင်းခဲ့ခြင်းမျိုးမရှိကြောင်း၊ (၁၅-၃-၂၀၁၂)မှ(၁-၁၁-၂၀၁၃)နေ့အထိကာလများတွင် (၁)တရားပြိုင်သည် ရွှေလုပ်ကွက်တွင်လာရောက်နေထိုင်ခြင်းမျိုးမရှိကြောင်း၊ (၁၉-၁-၂၀၁၄)ရက်နေ့တွင် ဦးမင်းစိုးဆိုသူအားကုမ္ပဏီမှ နုတ်ထွက်ခွင့်ပြုပြီးနောက်မှသာ (၁)(၂)တရားပြိုင်တို့သည် ရွှေလုပ်ကွက်သို့လာရောက်နေထိုင်ကြောင်း၊ ဦးမင်းစိုး အားနုတ်ထွက်ခွင့်ပြုစဉ်က ကုမ္ပဏီအနေဖြင့် ရရန်ပေးရန်ငွေစာရင်းများအား တင်ပြခိုင်းစဉ်က ရွှေမြင်းစက်ပစ္စည်းဆိုင်မှ ကုန်ကြွေးဝယ်ယူ၍ အကြွေးကျန်သည်ဟု စာရင်းတင်ပြခဲ့ခြင်းလည်းမရှိကြောင်း၊(၃၁-၈-၂၀၁၄)နေ့ နောက်ဆုံး ထားပြီးပေးဆပ်မည်ဟုလည်း ပြောဆိုခဲ့ခြင်းမရှိကြောင်း၊ တရားလိုသည် အမှတ်(၂)(၃)(၄)(၅) တရားပြိုင်များထံတွင် လည်းအကြွေးတောင်းခဲ့ခြင်းမရှိကြောင်း ဖော်ပြထားပါသည်။

အဆိုလွှာအချေလွှာများအရ ရုံးတော်က အောက်ပါငြင်းချက်များကို ထုတ်နှုတ်စစ်ဆေးခဲ့ပါသည်။

၁။ တရားလိုအား(၁)(၂)တရားပြိုင်များမှ ကုန်ကြွေးကျန်ငွေ(၂၂၄၄၀၅၀ဝိ/-)တိတိပေးဆပ်ရန် ရှိသည်ဆိုခြင်းမှာ မှန်သလား။

၂။ တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။ တို့ဖြစ်ပါသည်။

ငြင်းချက်(၁)

ဤအမှုသည် ကသာခရိုင်တရားရုံး၏တရားမကြီးမှုအမှတ် ၆/၂၀၁၄ နှင့် ဆက်စပ်မှုခင်းဖြစ်ပေသည်။ တရားလိုဖက်မှ သက်သေခံ ''က''စာရင်းစာအုပ်ဖြင့် (၁၅-၂-၂၀၁၃)နေ့မှ (၁-၁၁-၂၀၁၂)နေ့ထိ (မင်းဝင်းစိုး ရွှေသတ္တုတူးဖော်ရေးအမည်ဖြင့်လုပ်ငန်းလုပ်နေသူများက) လုပ်ငန်းဆက်စပ်ပစ္စည်းများကို ကုန်ကြွေးစနစ်ဖြင့် ဝယ်ယူ ခဲ့ကြောင်း၊ ခုနှိမ်ကြွေးကျန်ငွေမှာ (၂၂၄၄၀၅၀ဝိ/-)ဖြစ်ကြောင်း တင်ပြမှုအပေါ် တရားပြိုင်များမှ ကုန်ကြွေး ယူမယူ မသိကြောင်း၊ ကုန်ကြွေးကျန်ရှိသည်ကို မသိကြောင်း၊ ထိုကာလတွင် ရွှေလုပ်ကွက်၌ ဦးစီးလုပ်ကိုင်သူမှာ ဦးမင်းစိုးဖြစ်ပြီး ဦးမင်းစိုးမှာ (၁၉-၁-၂၀၁၄)နေ့တွင်ကုမ္ပဏီမှ နုတ်ထွက်သွားပါကြောင်း၊ ဦးမင်းစိုးအနေဖြင့် ကုမ္ပဏီ အနေဖြင့် ရရန်ပေးရန် ငွေစာရင်းတင်ပြစဉ် ရွှေမြင်း၊ စက်ပစ္စည်းအရောင်းဆိုင်မှ ကြွေးကျန်စာရင်းတင်ပြခဲ့ခြင်းမရှိ

ပါကြောင်း၊ ရွှေမြင်းစက်ပစ္စည်းဆိုင်သို့(၃)ကြိမ်ငွေပေးသွင်းခဲ့သည်မှာ မှန်ကြောင်းရုက်၍ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသော်လည်းချေလွှာတွင် ထိုသို့ဦးမင်းစိုးနုတ်ထွက်ပြီး(၃)ကြိမ်ငွေပေးအပ်ခဲ့ကြောင်း တင်ပြထုချေထားခြင်းမရှိပေ။

တရားပြိုင်များဖြစ်ကြသည့် ကိုထွန်းဇော်၊ ကိုအားပေါက်၊ ပြိုင်ပြသက်သေ ဦးအောင်ကျော်လွင် ကိုစိုးလွင်တို့မှ တရားလို၏ ရွှေမြင်းစက်ပစ္စည်းနှင့်ဒီဇယ်ဆီများသွားရောက်ယူခဲ့ကြောင်းနှင့်အပေးအယူကိုမသိကြကြောင်း ထွက်ဆိုသည်။

တရားပြိုင်များနှင့်တရားပြိုင်ပြသက်သေများက ကုန်ပစ္စည်းနှင့်ဒီဇယ်ဆီရယူခဲ့ကြောင်း တင်ပြပြီး ငွေပေးချေရယူခြင်းဖြစ်ကြောင်း ထွက်ဆိုချက်အလျဉ်းမရှိသည့်ပြင် ငွေပေးငွေယူကိစ္စမသိကြောင်း စာအုပ်ရေးမှတ်ရယူခြင်း မရှိကြောင်းသာထွက်ဆိုထားသည်။ တရားပြိုင်၏ချေလွှာတွင် ဦးမင်းစိုးမှာ မိမိကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးဖြစ်သည့်ပြင် (၁)တရားပြိုင်၏ခင်ပွန်း(၂)တရားပြိုင်၏ဖခင် ဦးမင်းစိုးကြွေးယူပါက ၄င်းထံတောင်းရန်ပြောခဲ့ပါသည်ဟု ထုချေထား၍ ကုမ္ပဏီအမည်ဖြင့် ကြွေးယူခြင်းမရှိကြောင်းတိတိကျကျငြင်းဆိုမှုမရှိကြောင်းတွေ့ရသည်။ ထို့ပြင် ဦးမင်းစိုး(ယခင် ကုမ္ပဏီဒါရိုက်တာ)မှ ကုမ္ပဏီအမည်ဖြင့်လုပ်ကိုင်ခဲ့ပြီး ယခုအခါကြွေးပေးရန်မရှိပါက ၄င်းကို သက်သေပြ၍ ထုချေရှင်းလင်းခြင်းကို ယခုအမှု၌ ပြုလုပ်ထားသည်ကို မတွေ့ရပေ။

သက်သေခံဥပဒေပုဒ်မ ၁၀၂၊၁၀၃ တို့အရ တရားလို၏ ပစ္စည်းနှင့်ဒီဇယ်ဆီများကြွေးယူသည်ဟု စွပ်စွဲချက် ကုန်နှင့်ဒီဇယ်ဆီသွားယူခဲ့သည်မှာ မှန်ကြောင်းပေါ်ပေါက်နေသည့် ဖြစ်စဉ်တွင် ထိုပစ္စည်းဆီဖိုးကိုပေးချေပြီးဖြစ်ကြောင်း သက်သေပြရန်တာဝန်သည် တရားပြိုင်များထံကျရောက်ရာ ထိုတာဝန်ကို တရားပြိုင်များက ကျေပွန်မှုမရှိပေ။

ထို့ပြင် (၁)(၂)တရားပြိုင်တို့၏ ကုမ္ပဏီတွင် ဦးမင်းစိုးမှာ ဒါရိုက်တာတစ်ဦးဖြစ်ပြီး ထိုတာဝန်ဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်ခဲ့သော်လည်း နုတ်ထွက်ခွင့်ပြုရာတွင် ပေးရန်ရရန်များဖြင့်စနစ်တကျစာရင်း ရှင်းလင်းပေးခဲ့ကြောင်းမပေါ်ပေါက်သည့်ပြင် သက်သေခံ ''၁'' အစည်းအဝေးမှတ်တမ်းအရလည်း ထိုအစည်းအဝေးကို ဦးမင်းစိုးတက်ရောက်မှုမရှိပေ။ ယင်းမှတ်တမ်းအရလည်း ဦးမင်းစိုးသည် တော်ဝင်ရွှေမြင့်မိုရ်နှင့်ကြွေးယူခဲ့ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် ဦးမင်းစိုးအနေဖြင့် ကုမ္ပဏီလုပ်ငန်းကို ကြွေးစနစ်ဖြင့်လုပ်ကိုင်ခဲ့သည်ဟု ယူဆရန် ပေါ်ပေါက်သည်။

ထို့ပြင်တရားလိုတင်ပြသော သက်သေခံ ''က''စာရင်းစာအုပ်မှာ အသေးစိတ်ရေးမှတ်ထားခြင်း ဖြစ်သဖြင့် အလွယ်တကူဖန်တီးတင်ပြထားခြင်းမျိုးမဟုတ်ကြောင်း ယူဆရန်ရှိသည်။ သက်သေခံ''၁''အစည်းအဝေး မှတ်တမ်းနှင့်ရုံးရှေ့ထွက်ဆိုချက်များအရ တရားလိုနှင့်မင်းဝင်းစိုးကုမ္ပဏီ၏ ဒါရိုက်တာ ဦးမင်းစိုးတို့မှာ အထူးရင်းနှီးသော မိတ်ဆွေများဖြစ်ရာ အကြွေးယူခြင်းမရှိပါဟု ကောက်ယူဆနိုင်သည့်အခြေအနေမရှိသဖြင့် တရားလို၏ တင်ပြချက်ကို မှန်ကန်သည်ဟု လက်ခံယူဆရမည်ဖြစ်ပေသည်။ သို့သော် တရားလိုမှ (၁)(၂)တရားပြိုင်များလာ ရောက်ယူသည်ဆိုသော်လည်း ထိုအချက်မှာ မှန်ကန်ခြင်းမရှိပေ။ သို့သော် (၁)(၂)တရားပြိုင်များသည် မင်းဝင်းစိုး ကုမ္ပဏီ၏ တာဝန်ရှိသူများဖြစ်ပြီး ဦးမင်းစိုးမှ မင်းဝင်းစိုးကုမ္ပဏီအမည်ဖြင့် လုပ်ငန်းလုပ်ကိုင်ခဲ့ခြင်းဖြစ်ခြင်း ဦးမင်းစိုး၏ လုပ်ကွက်သို့လာရောက်ခြင်း၊စက်ပစ္စည်းများပေးပို့ခြင်းစသည်တို့ကို ပြုလုပ်သည့်ပြင် မိသားစုများသာပါဝင်သော ကုမ္ပဏီဖြစ်၍ ကုမ္ပဏီ၏ ပေးရန်ရရန်ရှိငွေများကို ကုမ္ပဏီမှတာဝန်ရှိသူ(၁)(၂)တရားပြိုင်များကပေးဆပ်ရန်တာဝန်ရှိ၍ (၃)ကြိမ်တိုင်တိုင်ပေးဆပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

အထက်ပါတွေ့ရှိသုံးသပ်ချက်များအရ ငြင်းချက်(၁)ဖြစ်သည့် တရားလိုအား (၁)(၂)တရားပြိုင်များမှ ကုန်ကြွေးကျန်ငွေ(၂၂၄၄၀၅၀၀/-)ပေးဆပ်ရန်ရှိသည်ဆိုခြင်းမှာ မှန်ပါသည်ဟုဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

(၁)(၂)တရားပြိုင်များမှာ မင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများဖြစ်ပြီး (၃)(၄)(၅) တရားပြိုင်များမှာ အလုပ်သမားများဖြစ်ခြင်း၊ တရားလိုကိုယ်တိုင် (၃)(၄)(၅) တရားပြိုင်များနှင့်ပတ်သက်မှုမရှိကြောင်း

ထွက်ဆိုထားသည်။ ထို့ကြောင့် ငြင်းချက်(၂)ကို တရားလိုသည် (၁)တရားပြိုင် ဒေါ်လှလှဝင်း၊(၂)တရားပြိုင် ကိုအောင်ကျော်ကျော်တို့မှ တရားလိုသို့ စက်သုံးဆီကြွေးကျန်ငွေ(၂၂၄၄၀၅၀၀/-)ပေးဆပ်စေသည့် သက်သာခွင့် ရထိုက်သည်ဟု ဖြေဆိုလိုက်သည်။

တရားလိုသည် (၁)(၂)တရားပြိုင်တို့ထံမှ ငွေ(၂၂၄၄၀၅၀၀/-)ကို ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်။

ပုံ/× × × × × ×
( ဝင်းဝင်းလှိုင် )
ခရိုင်တရားသူကြီး

**မိတ္တူမှန်**

**( ကျော်သောင်းအောင် )**
**ခရိုင်တရားသူကြီး**
**ကသာမြို့**